KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

## နောက်ဆုံးရဒေသတွင်းသတင်းတို

မေလ ၁၉ရက် ၂၀၂၂ခုနှစ် / KHRG စာအမှတ် 22-113+131-D1

# တောအူးခရိုင်နောက်ဆုံးရဒေသတွင်းသတင်းတို - SAC လုပ်ရပ်များ (၂၀၂၂ခုနှစ်၊ မတ်လမှ ဧပြီလအထိ)

*ဤနောက်ဆုံးရဒေသတွင်းသတင်းတိုတွင် ၂၀၂၂ခုနှစ်၊ မတ်လမှ ဧပြီလအတွင်း တောအူး (တောင်ငူ) ခရိုင်၊ ထောတထူ (ထန်းတပင်)မြို့နယ်တွင် ဖြစ်ပွားသော အကြောင်းအရာများကို ဖော်ပြထားပါသည်။ ၂၀၂၂ခုနှစ်၊ မတ်လတွင် နိုင်ငံတော်စီ မံအုပ်ချုပ်ရေးကောင်စီ (SAC) စစ်သားများနှင့်ရဲတပ်သားများသည် ထောထထူမြို့နယ်၊ မိုးကောင်ကျေးရွာအုပ်စု၊ အ---ကျေးရွာတွင် ဝင်ရောက်လာပြီး သေနတ်ပစ်ဖောက်၍ ရွာသားများအား ခြိမ်းခြောက်ခဲ့သည်။ ၂၀၂၂ခုနှစ်၊ ဧပြီလတွင် SAC စစ်သားများသည် အ---ရွာတွင် နှစ်ကြိမ်ဝင်ရောက်လာခဲ့သည်။ ဒလန် (SAC စပိုင်) တစ်ဦးကို သေနတ်ဖြင့်ပစ်ခတ်သည့် ဖြစ်စဉ်ကိုစုံစမ်းရန်အတွက် ၎င်းတို့သည် ကျေးရွာအပြင်ဖက်ရှိ ရွာသားများပိုင်ဆိုင်သော တဲအိမ်များကို ဝိုင်း၍ စစ်ဆေး စုံစမ်းခဲ့သည်။*[1]

## SAC လုပ်ရပ်များ

၂၀၂၂ခုနှစ်၊ မတ်လ ၂၆ရက်နေ့ ည (၁၀)နာရီနှင့် ၁၁နာရီကြားတွင် ဇရပ်ကြီးမြို့သစ်တွင် အခြေစိုက်နေသည်ဟု ယူဆရသော နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ (SAC)[2] စစ်သားများနှင့်ရဲတပ်သားများသည် အ---ရွာ အနောက်ဖက်ရှိ လမ်းကို အသုံးပြု၍ တောအူး (တောင်ငူ)ခရိုင်၊ ထောထထူမြို့နယ်၊ မိုးကောင်ကျေးရွာအုပ်စု၊ အ---ကျေးရွာတွင်

---

[1] ဤအစီရင်ခံစာသည် ၂၀၂၂ခုနှစ်၊ မတ်လမှ ဧပြီလအတွင်း တွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော [ခရိုင်] ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓါတ်ပုံ နှင့် နေရပ်လိပ်စာ အတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်း ဖြစ်သည်။

[2] နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ကို ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁ရက်နေ့ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် အစိုးရ၏အုပ်ချုပ်ရေး အဖွဲ့အဖြစ် ဖွဲ့စည်းခဲ့သည်။ ဤအစိုးရအဖွဲ့ကိုဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ၂ရက်နေ့တွင် တပ်မတော် အစိုးရ အရာရှိရှစ်ဦးနှင့် အရပ်သားရှစ်ဦးတို့ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ဥက္ကဌမှ မြန်မာနိုင်ငံအစိုးရ၏အကြီးအကဲအဖြစ်သော်လည်းကောင်း၊ မြန်မာနိုင်ငံ၏စစ်ဘက်ဆိုင်ရာဝန်ကြီးအဖွဲ့ကိုသော်လည်းကောင်း ဦးစီးဦးဆောင်မှုပြုသည်။ မင်းအောင်လှိုင်သည် အာဏာသိမ်းပြီးနောက် ပိုင်းတွင် SAC ၏ဥက္ကဌအဖြစ် တာဝန်ယူခဲ့သည်။

**နောက်ဆုံးရဒေသတွင်းသတင်းတို**
**ကရင်လူ့အခွင့်အရေးအဖွဲ့**

ဝင်ရောက်လာခဲ့သည်။ ၎င်းစစ်သားများနှင့်ရဲတပ်သားများ၏တပ်ရင်း၊ တပ်ဖွဲ့များကို ရွာသားများက အတိအကျ မသိရှိရပါ။ အဘယ်ကြောင့်ဆိုသော် ညအမှောင်တွင် ၎င်းတို့ကို ရွာသားများက ရှင်းရှင်းလင်းလင်း မြင်တွေ့ရန်ခက်ခဲနေသောကြောင့်ဖြစ်သည်။ ဒေသခံရွာသားတစ်ဦး၏ပြောပြချက်အရ ရွာထဲတွင်ဝင် ရောက်လာသော ရဲတပ်သားများသည် ၎င်းတို့၏ရဲဝတ်စုံယူနီဖောင်းကို ဝတ်ဆင်ခဲ့သည်။ သို့သော် စစ်သားများသည် ၎င်းတို့၏စစ်ယူနီဖောင်းကို မဝတ်ဆင်ခဲ့ပေ။ စစ်သားများသည် ၎င်းတို့၏စစ်ယူနီဖောင်းကို မဝတ်ဆင် သောကြောင့် ၎င်းတို့သည် မည်သည့်တပ်ရင်းမှ လာသည်ကို ရွာသားများ မသိရှိရပါ။ သို့သော်လည်း ၎င်းတို့သည် ကျေးရွာအနီးတစ်ဝိုက်တွင်နေထိုင်သည်ဟု ရွာသားများက ယူဆကြသည်။ အဘယ်ကြောင့်ဆိုသော် (နောက်ရက်အနည်းငယ်ကြာတွင်) ၎င်းတို့သည် ရွာမှ မကြာခဏဝင်ထွက်နေလျှက်ရှိသောကြောင့်ဖြစ်သည်။ ၎င်းတို့သည် ဆိုင်ကယ်လေးစီးနှင့် ရွာကိုဝင်ရောက်လာခြင်းဖြစ်သည်။ ဆိုင်ကယ်တစ်စီးတွင် နှစ်ဦးတက်စီးကြ သည်။ ၎င်းတို့သည် ရွာထဲရှိအဓိကလမ်းမကို အသုံးပြု၍ ရွာမှ ထွက်ခွာမောင်းနှင်ခဲ့ပြီး ရွာ၏အဝင်တွင်ရှိသော တံတားတစ်ခုတွင် ရောက်ရှိသောအခါ ၎င်းတို့မှ သေနတ် (၇)ချက်မှ (၈)ချက်အထိ ပစ်ဖောက်ခဲ့သည်။ ၂၀၂၂ခု နှစ်၊ မတ်လ ၂၈ရက်နေ့ ည (၁၀)နာရီတွင် ၎င်းတို့သည် ရွာထဲသို့ တဖန်ဝင်ရောက်လာပြီး ရွာထဲတွင်သေနတ်ပစ် ဖောက်ခဲ့သည်။ ထပ်မံ၍ ၂၀၂၂ခုနှစ်၊ မတ်လ ၂၈ရက်နေ့ ည (၈)နာရီ သို့မဟုတ် (၉)နာရီအချိန်တွင် ရွာထဲသို့ ဝင်ရောက်လာပြီး ရွာသားများကို စစ်ဆေးမေးမြန်းခဲ့သည်။ ထို့နောက် ၎င်းတို့သည် ရွာမှ ထွက်သွားတော့မည့် အချိန်တွင် ၎င်းတို့မှ လက်နက်ကြီး၊ လက်နက်ငယ်ပစ်ဖောက်ခဲ့သောအသံကို ရွာအဝင်ဝအထိ ကြားနိုင်ပါသည်။ ရွာထဲတွင် SAC အဖွဲ့ဝင်များမှ မကြာခဏ သေနတ်ပစ်ဖောက်သောကြောင့် ယခုအချိန်တွင် ရွာသားများသည် အလွန်ကြောက်ရွံ့ပြီး လုံခြုံမှုမရှိဟု ခံစားနေရသည့်အတွက်ကြောင့် အကြောက်တရားများစွာနှင့် အသက်ရှင် နေရပါသည်။ ထို့အပြင် SAC စစ်သားများနှင့်ရဲတပ်သားများမှ မည်သည့်ရည်ရွယ်ချက်နှင့် မည်သည့်အတွက်ကြောင့် သေနတ်ပစ်ခတ်ရသည်ကို မည်သူမှ မသိရှိရပါ။

၂၀၂၂ခုနှစ်၊ ဧပြီလ ၁၅ရက်နေ့တွင် မည်သည့်တပ်ရင်းမသိရှိရသော SAC စစ်သားများ (၁၀)ဦးကျော်သည် ဝ--- ကျေးရွာသို့ တဖန်ဝင်ရောက်လာခဲ့သည်။ ၎င်းတို့သည် လက်နက်များယူဆောင်၍ ရောက်ရှိလာခဲ့သည်။ ၎င်းတို့ စစ်သားများသည် ရွာထဲတွင် ယာယီခေတ္တနေထိုင်ပြီး မနက်ပိုင်း (၈)နာရီ သို့မဟုတ် (၉)နာရီတွင် ထွက်ခွာခဲ့ သည်။ သို့သော်လည်း ၎င်းတို့ထွက်သွားသည့်အချိန်တွင် ၎င်းတို့လာသည့်လမ်းအတိုင်း ပြန်ထွက်ခဲ့ခြင်းမရှိပေ။ ၎င်းတို့သည် ရွာအပြင်ဘက်တွင် သွားလာလှုပ်ရှားကြပြီး ရွာပြင်ဖက်ရှိရွာသားများပိုင်ဆိုင်သော တဲအိမ်များတွင် ဝင်ရောက်ခဲ့ပြီး တဲအိမ်တစ်ဝိုက်တွင် စုံစမ်းရှာဖွေခဲ့သည်။ တဲအိမ်များတွင် ၎င်းတို့မှ စုံစမ်းရှာဖွေပြီးနောက် (ဧပြီလ ၁၅နေ့) မနက် (၁၁)နာရီဝန်းကျင်တွင် ရွာသို့ တဖန် ပြန်လာခဲ့သည်။ ၎င်းတို့သည် ဒုတိယအကြိမ်ရွာသို့ ပြန်လာသည့်အချိန်တွင် ရွာသားများသည် အင်္ဂလီကန်ဘုရားကျောင်းတွင် ပွဲတော်စားသည့်ပွဲကို ကျင်းပနေခဲ့သည်။ ဘုရားကျောင်း အပြင်ဖက်တွင် SAC စစ်သားများ ရောက်ရှိလာသောကြောင့် ဘုရားကျောင်းထဲရှိရွာသားများသည် စိုးရိမ်ကြောင့်ကြနေခဲ့သည်။

၂၀၂၂ခုနှစ်၊ ဧပြီလ ၁၄ရက်နေ့တွင် အ---ကျေးရွာအနီးရှိ ဗမာလူမျိုးများနေထိုင်သောရွာတစ်ရွာတွင် နေထိုင်ခဲ့သော ဒလန် (စပိုင် သို့မဟုတ် သတင်းထောက်) တစ်ဦးသည် သေနတ်ဖြင့် အပစ်ခတ်ခံခဲ့ရသည်။ အကျိုးဆက် အနေဖြင့် ၂၀၂၂ခုနှစ်၊ ဧပြီလ ၁၆ရက်နေ့တွင် SAC စစ်သားများသည် အ---ကျေးရွာသို့ တဖန်ပြန်လာခဲ့သည်။ အဘယ်ကြောင့်ဆို

**နောက်ဆုံးရဒေသတွင်းသတင်းတို**
**ကရင်လူ့အခွင့်အရေးအဖွဲ့**

သော် ရွာထဲတွင် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF)[3] အဖွဲ့ဝင်များရှိနေဟု ၎င်းတို့က ကြားသိရှိခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ရွာထဲတွင် ရောက်ရှိလာပြီးနောက် ရွာသားတစ်ဦး၏အိမ်တွင် ဝင်ရောက်ခဲ့သည်။ ၎င်းတို့အထဲမှ စစ်သားတစ်ဦးသည် ပုခတ်တွင်ထိုင်နေသော အမျိုးသားတစ်ဦးကို သေနတ်ဖြင့်ချိန်ရွယ်ခဲ့ သည်။ သို့သော်လည်း စစ်သားများသည် ထိုအမျိုးသားကို ဘာမျှမလုပ်ဘဲ အိမ်မှ ထွက်ခွာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုအမျိုးသားသည် PDF အဖွဲ့နှင့် ပါဝင်ဆက်သွယ်ခြင်းမရှိဟု SAC စစ်သားများက ယူဆခဲ့ခြင်း ကြောင့်ဖြစ်သည်။ SAC စစ်သားများသည် ရွာထဲတွင် ဝင်ထွက်သွားလာပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်နေသော ကြောင့် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM)[4] တွင် ပူးပေါင်းပါဝင်လာသော ရွာထဲရှိ ကျောင်းဆရာ၊ ဆရာများသည် စိုးရိမ်ကြောက်ရွံ့ခဲ့သည်။ ရွာသားများသည် (ရွာအပြင်ဖက်ရှိ) ၎င်းတို့၏တဲအိမ်များတွင် မနေရဲ ကြတော့ပေ။

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက် လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဒေသခံရွာသားများကို လေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှ ခံစားရသောလူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက်

---

[3] ပြည်သူ့ကာကွယ်ရေးအဖွဲ့ (PDF) သည် မြန်မာပြည်တွင် ၂၀၂၁ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ပေါ်ပေါက်လာခဲ့ပြီး စစ်အစိုးရကို ဆန့်ကျင်တော်လှန်သော လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဖြစ်သည်။

[4] ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၂ရက်နေ့တွင် မြန်မာပြည်အနှံ့အပြားရှိ အစိုးရဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် တာဝန်ထမ်းဆောင်နေကြသည့် ကျန်းမာရေးဝန်ထမ်းများသည် အာဏာဖီဆန်ရေး အကြမ်းမဖက်လူထုလှုပ်ရှားမှု (CDM) တွင် စတင်ပါဝင်လာခဲ့သည်။ ထိုလှုပ်ရှားမှုတွင် ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁ရက်နေ့၌ အာဏာသိမ်းယူခဲ့သော မြန်မာစစ်တပ်အား ဆန့်ကျင်ဆန္ဒပြသည့်အနေဖြင့် အလုပ်အမားသပိတ်လှန်ခြင်းလည်း ပါဝင်ပါသည်။ ဤလှုပ်ရှားမှုသည် မြန်မာအစိုးရဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ပြည်သူ့ဝန်ထမ်းများသို့ ပျံ့နှံ့သွားပြီး ၎င်းတို့မှ အာဏာသိမ်း စစ်တပ်အား ဆန့်ကျင်သည့်အနေဖြင့် စစ်တပ်အုပ်ချုပ်မှုအောက်တွင် တာဝန်ထမ်းဆောင်နေခြင်းကို ရပ်တန့်ခဲ့သည်။ ဤအကြမ်းမဖက်လူထုလှုပ်ရှားမှုသည် မြန်မာပြည်အနှံ့ လူသိများလာပြီး တစ်ချို့သောပြည်သူလူထုများသည် အာဏာသိမ်းစစ်တပ်အား ဆန့်ကျင့်သည့်အနေဖြင့် သံပုံးတီးသည့်ဆန္ဒပြပွဲနှင့် စစ်တပ်ထုတ်ကုန်တွေ သပိတ်မောက်သည့်လှုပ်ရှားမှုအပါအဝင် ၎င်းတို့လုပ်ဆောင်နိုင်သည့် မည်သည့်သပိတ် မောက်ဆန္ဒပြမှုမဆို စတင်ပြုလုပ်လာခဲ့သည်။

**နောက်ဆုံးရဒေသတွင်းသတင်းတို**
**ကရင်လူ့အခွင့်အရေးအဖွဲ့**